(၂၀၁၈-၂၀၁၉)ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန်အတွက် ဘဏ္ဍာငွေခွဲဝေချထားရေး ညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်

နေပြည်တော်။ **၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့**

- ဝန်ကြီးဌာနအနေနဲ့ ယခု ၂၀၁၈ ခုနှစ်ကို ဘဏ္ဍာငွေများ စနစ်တကျခွဲဝေချထားရေးနှင့် ကျိုးကြောင်းဆီလျှော်စွာ အသုံးပြုရေးနှစ်အဖြစ်သတ်မှတ်ပြီး ဘဏ္ဍာငွေများကို စနစ်တကျ အကျိုးရှိထိရောက်စွာ အသုံးပြုရန် အားဖြည့်ဆောင်ရွက်လျက်ရှိပါတယ်။
- ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရာမှာ ခွင့်ပြုချထားတဲ့ ဘဏ္ဍာငွေများကို အသုံးပြုသင့်/ မသင့်နှင့် အကျိုးထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် စနစ်တကျ ဝေဖန်ပိုင်းခြား ဆောင်ရွက်ကြစေလိုပါတယ်။
- ဆေးနှင့်ဆေးပစ္စည်းများကို တင်ဒါခေါ်ယူ ဝယ်ယူခြင်းမပြုမီ တိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံအသီးသီး၌ (၃)နှစ်တာကာလအတွင်း ဆေးနှင့်ဆေးပစ္စည်း တစ်ခုချင်းစီအလိုက် ပျမ်းမျှသုံးစွဲကုန်ကျခဲ့မှု အခြေအနေနှင့် လက်ကျန်စာရင်းများကို သိရှိရန် အလွန်အရေးကြီး ပါတယ်။
- အဆိုပါစာရင်းဇယားများကို ဆန်းစစ်သုံးသပ်ပြီး သက်ဆိုင်ရာ အထူးကုဆရာဝန်များနဲ့ တိုင်ပင်ကာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူရမှာဖြစ် ပါတယ်။
- ပြင်ပလူနာများနှင့် အတွင်းလူနာများ အရေအတွက်၊ ဖြစ်ပွားသည့်ရောဂါအမျိုးအစား အလိုက် အရေအတွက်စသည့် စာရင်းဇယားအချက်အလက်များ တိကျစွာရှိမှသာ လိုအပ် သည့် ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများကို ရောဂါဖြစ်ပွားမှုနှင့် ချိန်ညှိဝယ်ယူနိုင်မှာ ဖြစ်သဖြင့် ဆေးဝါးနှင့်ဆေးပစ္စည်းအလေအလွင့်များကို လျှော့ချနိုင်ကာ လူနာများအတွက် လိုအပ်သော ဆေးဝါးနှင့်ဆေးပစ္စည်းများကို မှန်ကန်စွာ ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။

- ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် လူနာမှတ်ပုံတင်၊ လူနာများရဲ့ ရောဂါမှတ်တမ်းများ၊ ဆေးမှတ်တမ်းများကို ကွန်ပျူတာစနစ် အသုံးပြုပြီး ဆောင်ရွက်နိုင်ရန်မှာ အထူးအရေးကြီးပါတယ်။
- ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူရာမှာ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)တွင် ပါရှိသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်မှာ အထူးအရေးကြီးပါတယ်။
- တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ခရိုင်၊ မြို့နယ်များတွင် ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူရာတွင် ဦးစီးဆောင်ရွက်ကြရမှာဖြစ်ပါတယ်။
- ဝယ်ယူထားရှိသော ဆေးနှင့်ဆေးပစ္စည်းများကိုလည်း အလေအလွင့်နည်းပါးစွာနဲ့ အချိန်တိုအတွင်း စနစ်တကျ ဖြန့်ဖြူးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။
- ဘဏ္ဍာငွေများကို အလေအလွင့်မရှိ၊ စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ဝိုင်းဝန်း ဆွေးနွေးအကြံပြု ဆောင်ရွက်ကြရစေလိုပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အစည်းအဝေးတက်ရောက်သူများစာရင်း –

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်
- ညွှန်ကြားရေးမှူးချုပ်၊ (ပြည်ထောင်စုဝန်ကြီးရုံး)
- ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊
- ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊
- တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊
- ဗဟိုဆေးသိုလှောင်ရေးဌာနမှ တာဝန်ရှိသူများ၊

(ဤမိန့်ခွန်းသည် ပြည်ထောင်စုဝန်ကြီး၏ လက်ရေးမူမှ ပြန်လည်ရိုက်နှိပ်ထားခြင်း ဖြစ်ပါသည်။)